စိမ်းလဲ့ဖြူ

# တိုက်ဆိုင်မှုနောက်ကွယ်



# အခန်း (၁)

လှပ သေသပ်စွာ ဆောက်လုပ် ထားသော အဆောက်အဦး၏ ထိပ်တွင် `ရှင်း´ ဆိုသည့် ရွှေရောင် စာတန်းလေး နေရောင်အောက်တွင် တလက်လက် တဖိတ်ဖိတ် တောက်ပ နေသည်။ အဆောက်အဦး၏ အဝင်ပေါက်ဝတွင် မိုးပျံပူဖောင်း အများအပြားနှင့် ပန်းစည်းများသည် လှပ သေသပ်စွာ နေရာ ယူထားကြ၏။ ယနေ့တွင် ဖက်ရှင်ဒီဇိုင်း ကုမ္ပဏီ တစ်ခု ဖြစ်သည့် ရှင်း ကုမ္ပဏီ၏ ဖွင့်ပွဲ အခမ်းအနား ဖြစ်သည်။

"ကြွရောက် လာကြသော ဂုဏ်သရေရှိ လူကြီး လူကောင်းများ အားလုံး မင်္ဂလာပါ။ ဒီနေ့မှာ ကျင်းပတဲ့ ကျွန်တော်တို့ ရှင်းကုမ္ပဏီရဲ့ ဖွင့်ပွဲ အခမ်းအနားကို တက်ရောက် ပေးတဲ့အတွက် ကျေးဇူး အထူး တင်ပါတယ် ခင်ဗျာ။ ကျွန်တော်ကတော့ ရှင်းကုမ္ပဏီရဲ့ ဒုဥက္ကဌ ဦးရှင်းနေရန် ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဖက်ရှင် ကုမ္ပဏီမှာ ယုံကြည် စိတ်ချစွာ ရှယ်ယာဝင်ပေးကြတဲ့ ရှယ်ယာရှင်များ အားလုံးကို ကျေးဇူး တင်ပါတယ်။ ရှေ့လျှောက်လည်း ရှယ်ယာရှင်များနဲ့ အတူ ကြိုးစား အလုပ်လုပ် ချင်ပါတယ် ခင်ဗျာ"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

လက်ခုပ်သံများဖြင့် ခန်းမ တစ်ခုလုံး ဆူညံ သွား၏။ ကော်ဇောနီ ပေါ်၌ ဖက်ရှင်ဒီဇိုင်း အပြည့်ဖြင့် မော်ဒယ်များ တစ်ဦးချင်း လမ်းလျှောက် လာကြသည်။ သတင်းထောက်များ၏ ဓာတ်ပုံ ရိုက်ချက်များသည် တဖျပ်ဖျပ် တလက်လက် ဖြစ်နေ၏။ ထိုစဉ် အစီအစဉ် တင်ဆက်သူ၏ စကားသံ ထွက်

ပေါ်လာသည်။

"ဆက်လက်ပြီး ကျွန်တော်တို့ ကုမ္ပဏီရဲ့ ခေတ်မီ ဆန်းသစ်တဲ့ သတို့သား သတို့သမီး ဝတ်စုံကို ပြသပေးမှာ ဖြစ်ပါတယ်။ သတို့သား မော်ဒယ် လင်းသုတနှင့် သတို့သမီး မော်ဒယ် နဒီလှိုင်တို့ ကော်ဇောနီပေါ်သို့ ကြွရောက်ပေးပါ ခင်ဗျာ"

လှပ သပ်ရပ်စွာဖြင့် တီထွင် ဖန်တီးမှုသည် ဆန်းသစ်သောကြောင့် အားလုံးသော လူများ၏ မျက်ဝန်း အကြည့်တို့တွင် အံ့ဩမှုများ ပြည့်နှက်နေတော့သည်။

"ဝါး ..."

"ဝိုး ..."

"လှလိုက်တာ ..."

"ငါ့သမီး မင်္ဂလာဆောင်ရင် ဒီဖက်ရှင်လေးနဲ့ သိပ်လိုက်မှာပဲ"

"ထပ်မံ တင်ဆက် ပြသမယ့် ဖက်ရှင်ကတော့ အနောက်တိုင်း ဝတ်စုံအနက်ရောင်ပေါ်မှာ လင်းလက် တောက်ပတဲ့ ရွှေမှုံ လိုင်းလေးတွေနဲ့ ပန်းခက် ပုံသဏ္ဌာန် တီထွင်ထားတဲ့ ကျွန်တော်တို့ ရှင်းကုမ္ပဏီရဲ့ နောက်ဆုံးပုံ ခေတ်မီ ဆန်းသစ်တဲ့ ဖက်ရှင် ဒီဇိုင်းကို ပြသမှာ ဖြစ်ပါတယ်။ လှပသေသပ်စွာ ဝတ်ဆင် ပြသပေးမယ့် မော်ဒယ်ကတော့ ဥက္ကဌကြီးရဲ့ မြေးရှင်းကုမ္ပဏီရဲ့ မန်နေဂျာချုပ် ရှင်းထိုက်ရန် ဖြစ်ပါတယ် ခင်ဗျာ"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

လက်ခုပ်သံများ ထွက်ပေါ်လာ၍ ရှယ်ယာရှင်များ၏ မျက်ဝန်း အကြည့်တို့သည် ကော်ဇောနီ ပေါ်သို့ စူးစိုက် နေကြသည်။ မမြင် မတွေ့ဖူးသော ဥက္ကဌမြေး မန်နေဂျာချုပ်သည် မည်သူနည်း။ သတင်းထောက်များလည်း

အလွန် စိတ်ဝင်စား နေကြ၏။

"ဥက္ကဋ္ဌကြီးရဲ့ မြေးလား တစ်ခါမှ မတွေ့ဖူးဘူးနော်"

"ဂျပန်နိုင်ငံကနေ ပညာတော်သင် သွားပြီး ပြန်ရောက်လာတယ် ဆိုတာ လား ငါကြားမိတာပဲ"

မိနစ် အနည်းငယ်မျှ ကြာသွား သော်လည်း ကော်ဖောနီ ပေါ်သို့ တက် လှမ်းလာသူ မရှိချေ။

"မန်နေဂျာချုပ် ရှင်းထိုက်ရန် ကော်ဖောနီပေါ်သို့ ကြွရောက်ပေးပါ ခင်ဗျာ"

သက်တော်စောင့် အချို့ ရောက်ရှိလာ၍ ဒုဥက္ကဋ္ဌအနား ကပ်ပြော လိုက် သည်။

"တောက် ဒီကောင် လုပ်ပြန်ပြီ အဖေ။ ကျွန်တော်တို့ ဘယ်လို လုပ်ကြမ လဲ"

ဥက္ကဋ္ဌကြီး ဘာမှမပြော စင်မြင့်ပေါ်သို့ တက်သွား၏။ ထင်ရာ စိုင်းတတ် သော မြေးဖြစ်သူကြောင့် အရှက်ရ ပြန်သည်။

"ဥက္ကဋ္ဌကြီးဖြစ်တဲ့ ကျွန်တော်ကပဲ အားလုံးကို အနူးအညွတ် တောင်းပန် ပါတယ် ခင်ဗျာ။ မန်နေဂျာချုပ်က အရေးပေါ်ကိစ္စ တစ်ခုပေါ်လာလို့ ပြန်သွားတာပါ။ နောက်နောင် ဒီလို ကိစ္စမျိုး မဖြစ်အောင် သေချာ စီစဉ် ထားပါမယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်"

***

စားသောက်ဆိုင်၏ သီးသန့်ခန်း တစ်ခုထဲတွင် ထိုက်ရန် တစ်ယောက် သူ၏ (၂၅)နှစ်ပြည့် မွေးနေ့ ဖြစ်သောကြောင့် အချစ်ဆုံး သူငယ်ချင်းဖြစ်သ ည့် အဆိုတော် နေဘုန်းခကို အစားအသောက် ကျွေးမွေးရန် စောင့်နေ၏။

သက်တော်စောင့်များကို မလိမ့်တပတ် လုပ်၍ ကုမ္ပဏီထဲမှ လွတ်ထွက်အောင် ကြိုးစားခဲ့သည့် အဖြစ်ကို ပြန်စဉ်းစား မိသည်။

"ငါ အရမ်း ဗိုက်အောင့်နေလို့ သန့်စင်ခန်း သွားမှ ဖြစ်မယ်"

"ဥက္ကဋ္ဌကြီးက သခင်လေးကို ဘယ်မှ မသွားဖို့ မှာထားလို့ပါ"

"ဘာ ဒါဆို ငါက အောင့်ထား ရမှာလား။ ဒါမျိုးတွေက ကျန်းမာရေးကို ထိခိုက်တယ်။ ငါတစ်ခုခု ဖြစ်လို့ကတော့ မင်းတို့တွေရဲ့ အပြစ်ပဲ။ အဲဒီအချိန်ကျမှ မင်းတို့ ကောင်တွေကို တစ်ယောက်မကျန် အလုပ် ထုတ်ပစ်မယ်"

"ဟာ သခင်လေး မလုပ်ပါနဲ့။ ဒါဆို ကျွန်တော်တို့ သန့်စင်ခန်း အရှေ့ထိ လိုက်ပို့ ပေးပါမယ်"

သန့်စင်ခန်းထဲသို့ ဝင်သွားသည့် အချိန် အနက်ရောင် အနောက်တိုင်း ဝတ်စုံပြည့် ဝတ်ဆင် ထား၏။ သို့သော် အနီရောင် ရှပ်အင်္ကျီနှင့် ဘောင်းဘီရှည် ပြောင်းဝတ်၍ နေကာမျက်မှန်တပ် ဦးထုပ် ဆောင်း၍ ပြန်ထွက်လာသော စတိုင်ကြောင့် သက်တော်စောင့်များ မမှတ်မိကြပါ။ ဤသို့ဖြင့် တက္ကစီငှါး၍ ယခု နေရာ စားသောက်ဆိုင်သို့ ရောက်ရှိခဲ့တော့၏။

ဒိတ်ဒိတ်ကြဲ ချမ်းသာသည့် သူဋ္ဌေးမြေး ဖြစ်ကြောင်း ပွဲထုတ် ကြေငြာသည်ကို သူမနှစ်သက်။ မည်သည့်နေရာ မည်သို့ သွားသွား သက်တော်စောင့် အပြည့်ဖြင့် ခြံရံ စောင့်ကြည့် ခံရသည်ကိုလည်း သူ့ဘဝတွင် အမုန်းဆုံး။ စောင့်ကြည့်နေသော စီးပွား ပြိုင်ဘက်များနှင့် မျက်လုံးများစွာ ပိုင်ဆိုင်ထားသော သတင်းထောက် များကြောင့် စိတ်ရှုပ်ရ ပြန်၏။ သာမန်လူတန်းစား ကဲ့သို့ လူငယ်တစ်ယောက် ပီပီ လွတ်လပ် ပေ့ါပါးစွာ သွားလာလှုပ်ရှား ပျော်ပါးချင်သည် ဟု ဆုတောင်း လိုက်ချင်သည်။ သို့သော် ထိုဆုတောင်းသည် သူဋ္ဌေးမြေးအား ပြန်ပေးဆွဲမည့်သူ မရှိလျှင် ပြည့်ဝနိုင်၏။

(၁၀) နှစ်သား အရွယ်တွင် ဖခင်ဖြစ်သူ၏ လူယုံ ကိုယ်တိုင် ပြန်ပေးဆွဲ၍ ငွေညှစ်တောင်းသည့် အဖြစ်နှင့် ကြုံခဲ့ဖူးသည်။ မိုးကြီး လေကြီး လျှပ်စီး လက်နေသည့်ချိန် ကလေးငယ် တစ်ယောက်အား တိုက်ခေါင်မိုး အမြင့်ပေါ်တွင် ကြိုးချည် ဖမ်းချုပ်ထားသည့် အဖြစ်အပျက်သည် မည်သို့မျှ မေ့၍ မရနိုင်။ ကြောက်လန့် စိတ်သည် ရင်ထဲ၌ အစဉ်ထာဝရ ကိန်းအောင်း သွားတော့၏။ အပြင်ပန်း ဒဏ်ရာ မဖြစ်ခဲ့သော်လည်း စိတ်ပိုင်းဆိုင်ရာ အတွင်းဒဏ်ရာ တစ်ခုကြောင့် ရောဂါ တစ်ခုကို ယနေ့တိုင် ခံစား နေရ လေသည်။ ဒေါက်တာကြီးများနှင့် ကုသ ခဲ့သော်လည်း ထိုရောဂါ မပျောက်ခဲ့ပါ။ မည်သည့် အချိန်တွင် မည်သို့ ပျောက်ပါ မည်နည်း။

"ထိုက်ရန် ငါရောက်ပြီ။ ဟတ်ပီးဘတ်ဒေး ဟော့ဟဲ မောလိုက်တာ ဟူး ..."

သူငယ်ချင်း၏ အသံကြောင့် သူ့ငယ်ဘဝ စဉ်းစားခန်းများ ထိုနေရာတွင် ရပ်တန့် သွားတော့ သည်။

"မင်း ဘာလို့ နောက်ကျ အမလေး ...။ မင်း မင်းဘယ်သူလဲ"

လန့်လည်း လန့်ချင်စရာ ဖြစ်သည်။ နေဘုန်းခ ဆိုသည့် အဆိုတော်သည် နေကာ မျက်မှန်အနက် တစ်ဖက်သာလျှင် ရှိတော့၏။ ကျန်တစ်ဖက်သည် မည်သည့် နေရာတွင် ပြုတ်ထွက် ခဲ့ပါသနည်း။ စတိုင်လန်းသော သူ့ဆံကေသာများလည်း ပွစိကျဲ၍ မည်သူနှင့် ဖိုက်ခဲ့ ပါသနည်း။ သပ်ရပ်စွာ ဝတ်ဆင် တတ်သော သူ့အင်္ကျီများလည်း ကြေမွ ညစ်ပတ် နေသည်။ သူ့အသွင်အပြင်သည် တတိယ ကမ္ဘာစစ်ကြီးများ ပါဝင် ဆင်နွှဲခဲ့သလား ထင်မှား ရလောက်၏။

"မင်း အတိတ်မမေ့သေးဘူး ဆိုရင် ငါ့ကို မှတ်မိမှာပါ"

"မင်း ဘယ်လို ဖြစ်လာရတာလဲ နေဘုန်း"

"ပြောတောင် မပြောချင်တော့ဘူးကွာ။ စိတ်ပျက် လွန်းလို့ ဟူး ..."

လေပူတစ်ချက် မှုတ်ထုတ်၍ စိတ်ပျက် လက်ပျက် သူထိုင်ချလိုက်၏။

***

ဂျယ်ထောင်ထားသော ဆံပင်ကေသည် စမတ် ကျလွန်း၏။ ရှပ်အင်္ကျီ လက်တိုနှင့် ဂျင်းဘောင်းဘီရှည်ကို သပ်ရပ်စွာ ဝတ်ဆင် ထားပြန်သည်။ နေကာမျက်မှန် တပ်ထားလျက် ကားပေါ်မှ စတိုင်အပြည့် ဆင်းလာသူသည် အဆိုတော်ချောလေး နေဘုန်းခ ဖြစ်၏။

"ဟယ် အဲဒါ နင်ကြိုက်တဲ့ အဆိုတော် နေဘုန်းခ မဟုတ်လား"

"အရမ်း ချောတာပဲ ငါတော့ ကြွေသွားပြီ ထင်တယ်"

"တော်ရုံတွေ့ဖို့ မလွယ်ဘူး ငါတို့ လက်မှတ် ထိုးခိုင်းရအောင်"

နေဘုန်း၏ ဘေးပတ်လည်တွင် ထိုမိန်းကလေးများ အုပ်စုလိုက် စုပြုံရောက်ရှိ လာကြပုံသည် တားမရ ဆီးမရ ကြောက်စရာ လူထုကြီး အလား။

"အစ်ကို နေဘုန်းခရဲ့ ပရိသတ်ပါ လက်မှတ်လေး ထိုးပေးပါနော်"

"အစ်ကိုနဲ့ ဓာတ်ပုံ တူတူ တွဲရိုက်ပါရစေ"

"ညီမကို ရင်ဘတ်မှာ လက်မှတ် ထိုးပေး"

"အစ်ကို့ ပခုံးလေး မှီပြီး ဓာတ်ပုံ ရိုက်မယ်နော်"

"ဟဲ့ ငါအရင် ဦးတာနော်"

"အောင်မာ နင်က ဘာမို့လို့လဲ။ ငါ့အချစ်လေးကို ဘယ်သူ့ကိုမှ မပေးနိုင်ဘူး"

"နင်ကများ ပြောရတယ် ရှိသေး။ ငါ့အသည်းလေးကိုလည်း ဘယ်သူ့ကိုမှ မပေးနိုင်ပါဘူး"

နေဘုန်းနှင့် ပတ်သက်လာလျှင် ထိုမိန်းကလေးများ ရန်ပွဲ စတင်ကာဖြင့် ဖိုက်ကြ ကုန်၏။ သူတို့ အချင်းချင်း ဆံပင် ဆွဲကြ ထုထောင်း ရိုက်နှက်ကြဖြင့် အုတ်အော် သောင်းနင်း ဖြစ်ကုန်ကြသည်။

"ဟာ ဒုက္ခပဲ ရန်မဖြစ်ကြနဲ့လေ ..."

နေဘုန်း ဝိုင်းဆွဲလေ ပြဿနာ ပိုကြီးလေ ဖြစ်လာတော့၏။

"နင် ငါ့အချစ်လက်ကို မထိနဲ့ ကောင်မ"

"နင်ကသာ ငါ့အသည်းနားမှာ တောက်တဲ့လို ကပ်နေတာ ကောင်မစုတ်ရဲ့"

"ကြာတယ်ကွာ ချသာချ"

"ဘုန်း ... ဘုန်း"

"အား အား သေပြီ ငါ့ ငါ့ဆံပင်။ အား ဟိုကလေးမ ငါ့အင်္ကျီ မဆွဲနဲ့လေ ..."

သူတို့ အချင်းချင်း ထိုးကြိတ် သတ်နေ၍ နေဘုန်းသည် ကြားမှ မြေစာပင် ဖြစ်ခဲ့ရသည်။

"ခွပ် ... အား ..."

မျက်မှန် တစ်ဖက်သည် ကျွတ်ချင်းမလှ ကျွတ်ထွက် သွားရ၏။ ထိုမိန်းကလေး အုပ်စုသည် ကျွဲနွား ခွေ့နေသည့် အလား အငွေ့တထောင်းထောင်းဖြင့် ပြင်းထန် လွန်းလှသည်။

"ဟားဟားဟား သေပြီ ငါရယ်ရလွန်းလို့ ဗိုက်တောင် နာလာပြီ ဟားဟား ..."

နေဘုန်း၏ ဖြစ်ကြောင်း ကုန်စင်များ နားထောင်ပြီး၍ ထိုက်ရန် သဘောကျနေလေသည်။

"ဟော့ကောင် သူငယ်ချင်းက ဒီလောက် ခံခဲ့ရတာတောင် မင်းက ရယ်နိုင်

သေးတယ်ပေါ့"

"ရန်ကုန် မြို့ကြီးမှာ မင်းကို ဒီလောက်ထိ ကြိုက်ကြ လိမ့်မယ်လို့ မမျှော်လင့် ထားလို့ပါကွာ။ ငါ့သူငယ်ချင်းရဲ့ နာမည် ကျော်ကြားမှုကို ဂုဏ်ပြု ပါတယ်ကွာ။ ဟားဟား ..."

"မရွှံ့နဲ့ကွ ဟိုကောင်မလေးတွေ လက်ထဲက မနည်းကြီး ပြေးထွက် လာရတာ။ ငါ့မှာတော့ မင်းရဲ့ မွေးနေ့ဆိုလို့ လွတ်လွတ်လပ်လပ် ပျော်ပါးရအောင်ဆိုပြီး ဒါရိုက်ဘာတောင် မခေါ်ခဲ့ဘဲ တစ်ယောက်ထဲ လာခဲ့တာ မှားပါတယ်ကွာ။ ခုတော့ ရုပ်ပျက် ဆင်းပျက်ပဲ။ နာမည်ကြီး ရတာလည်း မလွယ်ပါလားကွာ စိတ်မောတယ်။ ဟူး ..."

***

"ဟတ်ပီးဘတ်ဒေး ဝါး အရမ်း လှနေပါလား နွယ်ရယ် ..."

ယနေ့ ဇာခတ်နွယ်၏ (၂၅) နှစ်ပြည့် မွေးနေ့ ဖြစ်သောကြောင့် အချစ်ဆုံးသူငယ်ချင်းဖြစ်သည့် ယွန်းမေခင်နှင့် စစ်ထည်ဝါတို့ကို အစားအသောက်ကျွေးမွေးဖို့ရန် စားသောက်ဆိုင်၏ သီးသန့် ခန်းထဲတွင် ရှိနေကြသည်။

ရေလှိုင်း ပုံသဏ္ဌာန် တွန့်လိမ်နေပြီး ခါးလောက် ရှည်လျားသော ဆံနွယ်များနှင့်အတူ ဒူးအောက် အရှည်မျှသာ ရှိသော အနီရောင် ဂါဝန်နှင့် လှပလွန်းသူ။ နူးညံ့ ချောမွေ့နေသော မျက်နှာ အသားအရေလေးနှင့် မျက်တောင်ရှည် ကော့ကော့လေးများ ပိုင်ဆိုင်ထားသူ။ အရပ်ပုပုလေးနှင့် ချစ်စရာ ကောင်းလွန်းသူ။ ထိုမိန်းကလေးသည် ထည်ဝါ ငယ်စဉ်ချိန်မှ စ၍ တစ်ဖက်သတ် သဘောကျခဲ့ရသူ။ ငယ်သူငယ်ချင်း သံယောဇဉ်ပြတ်မည်စိုးရိမ်သောကြောင့် ဖွင့်ပြောရန် ကြောက်လန့် တွန့်ဆုတ်နေ၏။

"ဟဲဟဲ ဟောဒီက ဒီဇိုင်နာ ယွန်းမေခင်ဆိုတဲ့ ငါ့လက်ရာကြောင့် အရမ်း

လှနေတာကိုလည်း ထည့်ပြောဦးမှပေ့ါ ထည်ဝါရဲ့"

"နင်ချုပ်ပေးတဲ့ ဝတ်စုံကြောင့် မဟုတ်ပါဘူး။ ငါရဲ့ နွယ်လေးက နဂိုကတည်းက လှပ ချောမော ပြီးသား"

"ဘာ နင်တော့ သေတော့မယ်နော် သေနာလေး။ ကဲဟယ်"

"ဘုန်း"

စကားထက် လက်မြန်သူ ပီပီ တစ်ချက် ကျွေးထည့် လိုက်လေ၏။

"ဟာ ယွန်းစုတ် နင် လက်မပါနဲ့လေ။ အဲလို ကြေးဆို င့ါမှာလည်း လက်ပါတယ်နော် ပြန်ထု လိုက်ရ"

"ဟာ နင်တို့ နှစ်ကောင်ကလည်း တွေ့တာနဲ့ ကိုက်တော့တာပဲ"

"ဘာ ..."

ထည်ဝါနှင့် ယွန်း ရှူးရှူးရှဲရှဲ ဒေါကန် ကြတော့၏။

"ဟဲဟဲ စတာပါ သူငယ်ချင်း တို့ကလည်း ဒီနေ့ နွယ့် မွေးနေ့ဆိုတော့ အေးအေးဆေးဆေးပဲ စားသောက် ရအောင်လို့"

"နွယ်နော် ဒီနေ့ စားစရာ ရှိလို့သာ ခွင့်လွှတ် လိုက်မယ် ဟွန့်"

ယွန်းသည် မကျေမနပ် လေသံဖြင့် ပြန်လည် တုံ့ပြန်၏။

"နင် ငတ်ကြီး ကျတာကိုလည်း ထည့်ပြောဦးလေ ဟားဟား ..."

"ဘာ ကောင်စုတ် သေစမ်း"

"ဘုန်း ... ဘုန်း"

ယွန်း၏ ထုထောင်း သံများဖြင့် စားသောက်ခန်းသည် ဆူညံသွားပြန်၏။

***

"ဟော့ကောင် ထိုက်ရန် မင်းစားနေတာတွေ ရပ်သင့်ပြီလို့ ထင်တယ်"

"ဘာဖြစ်လို့လဲ"

"မွေးနေ့မှာ ငါ့ကို ကျွေးနေတာလား။ ဒါမှမဟုတ် ဂျပန်ပြည်မှာ စစ်ဖြစ်ခဲ့လို့ မစားရ မသောက်ရ ဘဝနဲ့ မြန်မာပြည်မှာ အတိုးချပြီး လာစားနေတာလား ဟင်"

ခေါက်ဆွဲကြော် ပန်းကန်ထဲသို့ လက်လှမ်း နေသည့် တူချောင်းကို ပြန်ရုတ်သိမ်း လိုက်သည်။

"ဟဲဟဲ ဆောရီးကွာ ငါစားတာ နည်းနည်း များသွားတယ်။ မင်းပဲ စားလိုက်တော့နော် နေဘုန်း"

"မင်းပြောတာနော် ထပ်စားတာနဲ့ မင်းလက်ကို ရိုက်ချိုးပစ်မယ်"

"ကြောက်စရာပဲ ကျွေးလည်း ကျွေးရသေးတယ်ကွာ"

စားသောက် ပြီးစီး၍ အပြင် ထွက်လာသည့် အချိန် ကားနား ရောက်ခါနီး နေဘုန်း ဘောင်းဘီ အိတ်ထဲ လက်နှိုက် ကြည့်လိုက်သည်။

"ဟာ သွားပြီ ငါ့ဖုန်း စားသောက်ခန်းထဲမှာ ကျန်ခဲ့ပြီ သွားပြန်ယူမှ ဖြစ်မယ်။ လာ မင်းပါ လိုက်ခဲ့"

"ဟာ မင်းဘာသာ သွားစမ်းပါ။ ကားထဲမှာပဲ ငါစောင့်နေမယ်။ ပေး ကားသော့"

"မပေးဘူးကွာ လိုက်ခဲ့ဆို လိုက်ခဲ့။ တော်ကြာ ငါ့ ပရိတ်သတ်တွေ တွေ့သွားရင် ခုနက ပုံစံထက် အခြေအနေ ပိုဆိုး သွားနိုင်တယ်။ မင်းက ငါ့ကို ကာကွယ်ပေးဖို့ လိုက်ခဲ့ကွာ"

"ဟ မင်းကို ငါဦးထုပ် ဆောင်းခိုင်းပြီး မျက်မှန် တပ်ထား ပေးတာပဲ။ မမှတ်မိနိုင် လောက်ပါဘူး"

"အေ မင်းကသာ မမှတ်မိနိုင်ဘူး ပြောနေတာ။ မျောက်ရုပ် ဖြစ်နေ

ရင်တောင် သူတို့က ငါ့က မှတ်မိ တယ်ကွ။ ကြာတယ် လိုက်ခဲ့ကွာ"

"အား ... ဟော့ကောင် နာတယ်ကွ။ လွှတ် ငါဆွဲထိုးမှာနော်"

မလိုက်ချင်သော သူငယ်ချင်းကို နားရွက် လိမ်ဆွဲ၍ စားသောက်ဆိုင်ထဲသို့ နေဘုန်း အတင်း ဆွဲခေါ် သွားတော့၏။

***

စားသောက်ပြီးစီး၍ အပြတ် စနောက်မိသည့် အပြစ်ကြောင့် သူငယ်ချင်း နှစ်ယောက် လိုက်ရိုက်နေ၍ နွယ်လေး ပြေးနေရသည်။

"ဟင်း ဟူး ဖူး မောလိုက်တာ သူတို့ ဘယ်ရောက် သွားတာလဲ။ ခုပဲ နောက်ကနေ လိုက်ရိုက် နေပြီးတော့"

နောက်လှည့်ကြည့်ကာ စကားပြော၍ ရှေ့လှည့်လိုက်သည့် အချိန် စီးထားသော ဒေါက်ဖိနပ်သည် သိပ်မမြင့် သော်လည်း ခြေထောက် လိမ်လျက် ချော်လဲ သွားတော့၏။ ထိုက်ရန်၏ ရှေ့တည့်တည့်သို့ ထိုးကျ လာသော ကြောင့် စေတနာ ကောင်းမွန်စွာဖြင့် ဘေးသို့ အရှောင် ကောင်းလိုက်သည်။ ပြုတ်ကျ သွားသော ထိုမိန်းကလေး အတော် နာသွား ရှာမည်။ ထိုအပြုအမူ မျိုးသည် ဂျပန်နိုင်ငံတွင် ကျင့်သား ရခဲ့လေသည်။ သူ့အား ချည်းကပ်သည့် နည်းလမ်း တစ်မျိုးဟု မှတ်ယူ ထား၏။

"ကျွတ်ကျွတ် တော်တော် နာသွားလား။ မင်းစိတ်ထင် ငါက ဝင်ထိန်းပေး မယ် ထင်နေတာလား။ မင်းတို့ မိန်းကလေးတွေက တော်တော် မာယာ များ တာပဲနော်။ ငါ့ရှေ့ရောက်ရင် ချော်လဲဟန် ဆောင်ပြီး ရင်းနှီးမှုကို ဖန်တီး ချင်တာ မဟုတ်လား။ ဆောရီးကွာ ဒီအကွက်တွေ ရိုးနေပြီ။ အသစ်အဆန်း လေး တီထွင်ပြီးမှ ပြန်လာခဲ့နော်။ အိုခေ ဘိုင့်"

"ဘုန်း ... အား ..."

ထင်ရာ ပြော၍ ကျောခိုင်း ထွက်သွား သူအား ဒေါသ အရှိန်ကြောင့် သူ့ ကျောပြင်ကို ခေါင်းဖြင့် အပြင်း ဝင်တိုက် လိုက်သည်။

"ဟာ မင်းဘာလုပ်တာလဲ"

"ရှင့်ကို ရင်းနှီးချင်လို့ ဒီလို လုပ်တယ် ထင်နေတာလား။ ကိုယ့်ကိုယ်ကိုယ် သဝင် မြင့်လွန်း နေတယ်နော်။ ရှင့်ကို ကြည့်ရတာ ဘဝင် လေဟပ်ပြီး အရပ် မြင့်နေတာ ဖြစ်မယ်"

"ဘာ မင်း"

ထိုအချိန် သူငယ်ချင်းများ သူတို့ နားသို့ ရောက်ရှိ လာကြတော့၏။

"နွယ် ဘာဖြစ်တာလဲ"

"မသိပါဘူးဟယ် ဘယ်ကမှန်း မသိတဲ့ ဘဝင် လေဟပ်နေတဲ့ အရူး တစ်ယောက်နဲ့ လာတွေ့နေလို့"

ထည်ဝါ စိုးရိမ်တကြီး မေးလိုက်သော်လည်း နွယ်သည် ခနဲ့ပြုံး၍ ဖြေလိုက်၏။

"ဟာ မင်းများသွားပြီနော် တောက်"

"ကြည့်စမ်းပါဦး မိန်းကလေး တစ်ယောက်နဲ့တောင် ရန်ပြိုင်ဖြစ်တာ ရှင် မရှက်ဘူးလား"

"တောက် မင်းသွားလိုက်တော့ ငါလက်ပါ မိတော့မယ်"

"အောင်မာ ရှင်ကများ"

"တော်ပါတော့ နွယ်ရယ်။ ယောကျ်ားလေးနဲ့ ရန်ပြိုင် ဖြစ်မနေပါနဲ့။ ရှင် ဘာရပ် ကြည့်နေတာလဲ ရှင့် သူငယ်ချင်းကို ခေါ်သွား တော့လေ ..."

ထိုက်ရန် ဘေးတွင် ကြောင်တောင်တောင် ရပ်ကြည့်နေသော အဆိုတော် နေဘုန်းအား ယွန်း လှမ်းဆူ လိုက်တော့၏။

"အာ ဟုတ်သားပဲ။ ထိုက်ရန် တော်တော့ကွာ ငါတို့ သွားရအောင်"

"တောက် မင်းနောက်ထပ် ငါ့ရှေ့ ပေါ်မလာ မိစေနဲ့"

"ဘာ ရှင်က ဘာမို့လို့ အမိန့် လာပေး နေတာလဲ"

"ကဲပါ တော်ပါတော့ နွယ်ရယ်။ မွေးနေ့မှာ စိတ်ဆိုး ဒေါသ ထွက်ရင် ရုပ်ဆိုး သွားလိမ့်မယ်။ တို့တွေ ပြန်ရအောင်နော်"

"ဟာ တိုက်ဆိုင် လိုက်တာ ဒီနေ့က မင်းမွေးနေ့လား။ ငါ့သူငယ်ချင်းလည်း အသက်(၂၅)နှစ်ပြည့် မွေးနေ့ပဲ"

"ဩော် ဟုတ်လား။ ယွန်း သူငယ်ချင်းလည်း အသက်(၂၅)နှစ် ပြည့်တာလေ ..."

"ဝါး ... ဟော့ကောင် ထိုက်ရန် မင်းတို့ နှစ်ယောက်က တစ်နေ့တည်း မွေးတာနော်။ တော်ရုံ တိုက်ဆိုင်မှု လားဟ"

"တခြား သူနဲ့တော့ တိုက်ဆိုင် ချင်ပါတယ်။ မင်းနဲ့တော့ ဆောရီးပဲ ဂျပုမရေ ..."

"ဘာ ရှင်"

စကားနာ ထိုး၍ လှည့်ထွက် သွားသော ထိုက်ရန် ကျောပြင်ကို ကြည့်၍ ကျန်ရစ်ခဲ့သူ နွယ်လေး ဒေါသမီး တောက်နေ လေသည်။

"နွယ် သွားရအောင်"

ထည်ဝါ ဆွဲခေါ်ရာနောက် ပါသွား လေတော့၏။

"ဟမ် သွားကုန်ကြပြီ။ ငါတို့နှစ်ယောက်ပဲ ကျန်တော့တာဟ။ ဒါနဲ့ မင်းကိုယ့်ကို မသိဘူးလား"

"သိတယ်လေ နာမည်ကြီးနေတဲ့ အဆိုတော် နေဘုန်းခ မဟုတ်လား။ သွားပြီနော် ဟိုမှာ သူငယ်ချင်းတွေ စောင့်နေပြီ"

"ဘာလဲဟ ငါ့လို မိန်းကလေးတွေ သည်းသည်း လှုပ်အောင် အချစ်ခံရတဲ့ နာမည်ကြီး အဆိုတော် တစ်ယောက်နဲ့ ဆုံတွေ့တာတောင် လက်မှတ် မတောင်းသွားဘူး။ တော်တော် ထူးဆန်းတာပဲ"

***

`ပန်းရိပ်မြို´ မိဘမဲ့ ဂေဟာ။

"မေမေကြီးရေ မေမေကြီး ..."

"ဟယ် သမီးနွယ်လေး။ ကြည့်စမ်းပါဦး မွေးနေ့ ရောက်မှပဲ ဂေဟာကို လာလည် တော့တယ် ကွယ်။ သမီးလေး အလုပ် အရမ်း ပင်ပန်းလားဟင်"

"မပင်ပန်းပါဘူး မေမေ ကြီးရယ်။ ထမင်းဆိုင်က ပိတ်ရက် မရှိတော့ လာလည် ချင်ပေမဲ့ ခွင့်မရဘူးလေ။ အခုတောင်မှ မွေးနေ့ရှိလို့ ဒီနေ့ တစ်ရက်တည်း ခွင့်ပေးပါလို့ အတင်း ပြောခဲ့ရတာ။ အရမ်း လွမ်းတာပဲ"

မေမေကြီးဆိုသူ ထိုဂေဟာမှူးကို အတင်း ဝင်ဖက် လိုက်တော့သည်။

"ဟော့ နွယ် တော်ရုံ ချွဲနော်။ တော်သင့်ပြီ"

ယွန်းလှမ်းစ လိုက်သော်လည်း နွယ်သည် ဖက်လျက် မျက်စောင်း လှမ်း ထိုး လိုက်၏။

"မေမေကြီး နေကောင်းရဲ့လားဗျ"

"ကောင်းပါတယ်ကွယ် သားတို့လည်း နွယ်လေး ဒီမှာ မရှိတာနဲ့ လာမလည် ကြတော့ဘူးနော်။ အရင်တုန်းကဆို ဒီဂေဟာထဲကို ချောင်းပေါက် မတတ် လာလာ ဆော့ကြတာ ဘယ်သူတွေတုန်း"

"အဟင်း မဟုတ်ပါဘူးဗျာ။ ကျွန်တော်လည်း အလုပ် ရှုပ်နေလို့ မလာဖြစ် တာပါ မေမေကြီးရယ် ..."

"ကဲ ပြောကြစမ်းပါဦး။ ဒီကလေးတွေ ဘာတွေ လုပ်နေကြတာတုန်း"

"ယွန်းကတော့ စွမ်းပြည့် အထည်ချုပ် စက်ရုံမှာ အလုပ် လုပ်တယ်လေ။ ထည်ဝါ ကတော့ ငယ်ငယ်က အရူးထခဲ့တဲ့ အတိုင်း စပ်စုစိန် အလုပ်ကို လုပ်နေတာလေ ..."

"ဘာ ယွန်းမေခင် နင်တော့နော်။ ငါနဲ့ တစ်ပွဲ နွှဲချင်ပြီလား။ သတင်းထောက် အလုပ်ကို မစော်ကားနဲ့ကွ"

"ဟီးဟီး စပ်စုစိန် အလုပ်တဲ့။ နာမည်လေးက အသစ် အဆန်းနော် လှလိုက်တာ ယွန်းရယ် ..."

"ဟာ နင်တို့ မိန်းမ နှစ်ယောက် ပေါင်းပြီး ငါ့ကို ဝိုင်းဖွဲ့တာ ပေ့ါလေ။ တွေ့ပြီသာ မှတ်"

"ကဲ နွယ်ရေ ရာသီဥတုက အရမ်းပူလို့ ချွေးရူးပြန် ရောဂါ ထနေပြီ။ ပြေးမှ လွတ်မယ်ဟ ပြေးပြေး"

"ဘာပြောတယ် စော်ကားတာ များနေပြီနော်။ လွတ်အောင် ပြေးထား။ မိလို့ကတော့ အသေ သတ်ပစ်မယ်"

နွယ်နှင့်ယွန်း ထည်ဝါအား စနောက်ကာဖြင့် ထွက်ပြေး ကြတော့၏။ ထိုသူငယ်ချင်း (၃)ယောက်သည် (၁၀)နှစ်သား ကလေး အရွယ်မှ စ၍ ခင်မင်ခဲ့သောကြောင့် ပြောမနာ ဆိုမနာ မောင်နှမ သူငယ်ချင်းများ ဖြစ်ကြသည်။

***